# တောရိုင်းခြောက်သံ

ဆက်တိုက်ဆိုသလို ကြားနေရတယ်
တောရိုင်းခြောက်သံ
ပြင်းပြင်းထန်

သို့ ပေမယ့်လည်း
အစဉ်အလာ ရှိခဲ့ပြီးသား
ခေါင်းဆောင်မှု တရား
လက်ရုံး နှလုံး မာနဓားက
လေပြင်းကြမ်းကြမ်း
အပင်းအမှောင့်
နှင်းခဲပေါက်လည်း
မညွတ်မကျိုး
ဖယောင်းမီးမျိုး မဟုတ်တာကို
သမိုင်း မျက်ဝါးထင်ထင်ပြခဲ့ပြီ

ဘာကြာသေးလဲ
ဇရဲ့ မြတ်သော သူရဲ
နရသိန်ထဲမှာ
တယောက်က ၁၆
၁၄
၈
နှစ်ပေါင်းရှည်ကြာ
ခိုင်ကျည်မှတ်ကျောက်တင် ပြခဲ့ပြီပဲ

ကမ်းမမြင် လမ်းမမြင်
စစ်အာဏာရှင်
တားမရ ဆီးမရ
စစ်ဓားပြ
ခြစားလဒ်စား
စစ်ကြေးစား တို့ သာ
ပျက်သုဉ်းခြင်း ကားစင်ထက်
အလုအယက်
ဖက်လို့ တက်လို့ နေကြပြန်ပြီကော



အခုပဲကြည့်လေ
ယုတ်မာသူတို့ ဣူ သသဆန္ဒ ပြည့်ဝဖို့ တွက်
ဖြူစင်သူတွေ ထိပါးပြီးရင်း ထိပါးခံရ
လူထုနှလုံးသား နာဂစ်တရာ တိုက်နေပြီ
သွေးတွေ ဆူပွက်
ရှစ်ခွင်အုံ့ ဖွဲ့
မိုးသက်မုန်တိုင်း မြင်နေပြီ။ ။

လင်းလက်ဇာနည်
၂၆ ဒီဇင်ဘာ ၂၀၀၈